# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 10, 2020 | Volume 29, Number 5


| ၁၀.၃.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၇၉/-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၆၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၃၁၇/- ကျပ် |
| CBM Rate | = ၁၃၂၄.၇ကျပ် |
| ယူရို တစ်ယူရို | = ၁၅၀၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၃.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၉.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၆၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၇၀.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၀.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၈၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၀.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၂.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၁၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ မှတဆင့် မွန်ပြည်နယ်၏ စီးပွားရေးအခွင့်အလမ်းများကို ထောက်ပံ့ပေးနိုင်မည့် Regional Consultation ကျင်းပပြုလုပ်ခြင်း



၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ Royal Hinthar Hotel ၌ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ရေးဆွဲရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ဒေသဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ (National Export Strategy–NES 2020–2025 Regional Consultation) ကို ကျင်းပခဲ့ပါသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းနှင့်တာဝန်ရှိသူများ၊ ဒေသခံအစိုးရဌာနအဖွဲ့အစည်းများမှ အရာရှိကြီးများ၊ မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဒေသခံပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများနှင့် ပို့ကုန်လုပ်ငန်းရှင်များ စုစုပေါင်း (၃၅) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းက အမျိုးသား

ပို့ကုန်မဟာဗျူဟာ ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းစဉ်များနှင့် မွန်ပြည်နယ်မှ အမျိုးသား ပို့ကုန်မဟာဗျူဟာတွင် ကဏ္ဍများအလိုက် ထည့်သွင်းပါဝင်သင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မွန်ပြည်နယ်မှ ဆောင်ရွက်နိုင်မည့် ကဏ္ဍများအဖြစ် ရော်ဘာလုပ်ငန်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍနှင့် စားသောက်ကုန် ထုတ်လုပ်ခြင်းကဏ္ဍများမှ ရရှိလာနိုင်သော ပို့ကုန်ဆိုင်ရာအခွင့်အရေးများကို အဓိကထားဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးရရှိချက်များအား အမျိုးသားပို့ကုန်မဟာဗျူဟာ၏ မဟာဗျူဟာစာတမ်း (Strategy Documents) များတွင် ထည့်သွင်း ဖော်ပြသွားမည် ဖြစ်ပါသည်။

ဆွေးနွေးပွဲများကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်သည် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ငါးနှစ်စာ ဦးစားပေး ကဏ္ဍများအတွက် မဟာဗျူဟာများရေးဆွဲရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဒေသခံအကျိုးတူ ပူးပေါင်း ဆောင်ရွက်သူ များ၏ အမြင်များကို ထည့်သွင်း ရေးဆွဲသွားရန်ဖြစ်ပါသည်။ အလားတူ ညှိနှိုင်းဆွေးနွေးပွဲများကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့က မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးမြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပြီးဆက်လက်၍ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်မြို့နှင့်ထားဝယ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မုံရွာမြို့၊ ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်မြို့ များတွင်လည်း ထပ်မံကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

Source: Myantrade–TIR

## တမူးနယ်စပ်ဂိတ် အားလုံးကို အိန္ဒိယနိုင်ငံဘက်မှ ရက်အကန့်အသတ်မရှိပိတ်

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးနယ်စပ်ဂိတ်အားလုံးကို အိန္ဒိယနိုင်ငံဘက်က ယနေ့ (မတ်လ ၁၀ရက်) နံနက် ၈ နာရီအချိန်တွင် ရက်အကန့်အသတ်မရှိပိတ်လိုက်ကြောင်း တမူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း၏ ပြောကြားချက်အရသိရသည်။ လက်တလောတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးကို အိန္ဒိယအစိုးရဘက်က စိုးရိမ်သည့်အတွက် ယင်းကဲ့သို့ ပိတ်လိုက်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့်နီးစပ်ပြီး မြန်မာပြည်ကလူများသည် ကိုရိုနာဗိုင်းရပ်စ်ပိုး ဖြစ်နိုင်ချေများသည့်အတွက် အိန္ဒိယဘက်ခြမ်းသို့ကူးစပ်လာမည်ကို စိုးရိမ်နေကြောင်းငှင်းကဆိုသည်။ "သူတို့ဘက်ကနေ တရားဝင် ဒီနေ့ပိတ်လိုက်တာ။ ဒီကနေ့ နံနက် ၈ နာရီလောက်က ပိတ်လိုက်တာ။ နယ်စပ်ဂိတ် ပိတ်လိုက်တာက ရက်အကန့် အသတ်မရှိလို့ကြားတယ်။ သူတို့ကတော့ ဒီကိုရိုနာဗိုင်းရပ်စ်ပိုးအတွက် စိုးရိမ်လို့ပေါ့နော်။ ပိုးတွေ့လို့တော့ မဟုတ်ဘူး။ ဒါပေမယ့် စိုးရိမ်တယ်။ မြန်မာပြည်က တရုတ်နိုင်ငံနဲ့နီးစပ်တယ်။ တရုတ်နဲ့လည်း အဝင်အထွက်ရှိတဲ့အပေါ်မှာ မြန်မာပြည်ဘက်က လူတွေက ကိုရိုနာဗိုင်းရပ်စ်ပိုး ဖြစ်နိုင်ချေများတယ်ပေါ့နော်။ အဲဒီအတွက် အိန္ဒိယနိုင်ငံဘက်က ကြောက်တယ်ဆိုတဲ့ အနေ အထားမျိုးပါပဲ။ ကျန်တာတော့ အခြားတိတိကျကျတော့ မရှိပါဘူး"ဟု တမူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းက ပြောကြားသည်။

ထို့အပြင် မြန်မာ-အိန္ဒိယနယ်စပ် တမူး-မိုးရေး ဝင်/ထွက်ဂိတ် (၁) နှင့် (၂) ကို အိန္ဒိယနိုင်ငံဘက်မှ စတင်ပိတ်လိုက် ပြီး နောက် မဏိပူရ်ပြည်နယ်နှင့်ဆက်စပ်နေသည့် နယ်စပ်ဝင်/ထွက်မှုအားလုံးကိုပါ ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း ဦးနိုင်နိုင်ဝင်းက ဆက်လက်ပြောကြားသည်။ နှစ်နိုင်ငံနယ်စပ်ဂိတ်ကို ပိတ်လိုက်သည့်အတွက် ကုန်စည်စီးဆင်းမှုများသည် လက်တလောတွင် ရပ်တန့်သွားမည် ဖြစ်ကြောင်း နှစ်နိုင်ငံက ကုန်စည်စင်းဆင်းမှုကို မှီခိုနေရသည့်အတွက် နယ်စပ်ဂိတ်ကို အမြန်ဆုံး ပြန်လည် ဖွင့်လှစ်ပေးစေလိုကြောင်း တမူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း၏ ပြောကြားချက်အရသိရသည်။

Source: https://news-eleven.com/article/163411

## မတ်ပဲနှင့်ငရုတ်အသစ်များ ပေါ်စပြုချိန်တွင် ရန်ကုန်ဈေးကွက်၌ ဈေးနှုန်းများစတင်ကျဆင်းလာ

မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် မိုးစပါးရိတ်သိမ်းအပြီးစိုက်ပျိုးခဲ့သော သီးထပ်သီးနှံများဖြစ်သည့် မတ်ပဲအသစ်များနှင့် ငရုတ်အသစ်များ မတ်လဆန်းတွင် စတင်ပေါ်ထွက်လာပြီဖြစ်၍ ရန်ကုန်ဈေးကွက်၌ ယင်းသီးနှံဈေးနှုန်းများ စတင်ကျဆင်း လာကြောင်းသိရသည်။ ယခု မတ်လဆန်းတွင် အိမ်မဲငရုတ်ရှည်အသစ်များ ရန်ကုန်ဈေးကွက်သို့ဝင်ရောက်လာရာ မတ် ၇ ရက်တွင် လက်ကား တစ်ပိဿာ ငွေကျပ် ၃၁၀၀ နှုန်းရှိပြီး ဟင်္သာတနယ်ထွက် မြားနီငရုတ်ရှည်က ငွေကျပ် ၃၁၀၀၊ ဟင်္သာတ

နယ်ထွက် အိန္ဒိယမျိုးရေတ်ရှည်က ငွေကျပ် ၃၃၀၀၊ မကွေးနယ်ထွက် ရေတ်ရှည်က ငွေကျပ် ၃၃၀၀၊ ဟင်္သာတနယ်ထွက် မိုးထောင်ရေတ်က ငွေကျပ် ၃၉၀၀၊ မြစ်ဝ ပြည်တော်သာ မိုးထောင်ရေတ်က ငွေကျပ် ၃၆၀၀၊ လေးအိမ်စု မိုးထောင်က ငွေကျပ် ၃၇၀၀ နှင့် မြစ်ဝရေတ်ပွက ငွေကျပ် ၄၀၀၀ ဈေးနှုန်းရှိသည်ဟု ရန်ကုန်ရေတ်ဈေးကွက်မှသိရသည်။ ယခုနှစ် ဇန်နဝါရီလ လယ်ခန့်က ဟင်္သာတနယ်ထွက် အိန္ဒိယမျိုး ရေတ်ရှည်အသစ်များ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်ခဲ့စဉ်က လက်ကား တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းအထိရှိခဲ့ရာမှ ဈေးများကျလာခြင်းဖြစ်သည်။ လက်ရှိ ရန်ကုန်ရေတ်ဈေးကွက်၌ ကြိုတင် ခန့်မှန်းချက်များအရ ယခုနှစ် မြစ်ဝကျွန်းပေါ် ရေတ်ရှည်အသစ်မျိုးစုံ ထွက်ပေါ်လာသည့်အချိန်တွင် တစ်ပိဿာ လက်ကား ဈေးမှာ ငွေကျပ် ၂၅၀၀ ခန့်သာ ရှိနိုင်မည်ဟုသိရသည်။ ၂၀၁၉ ခုနှစ်အတွင်းက ရေတ်စိုများ တရုတ်သို့ အများအပြားတင်ပို့ခဲ့၍ ပြည်တွင်း၌ ရေတ်စိုတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ဝန်းကျင်အထိ ဈေးမြင့်ခဲ့သော်လည်း ယခုနှစ်တွင် တရုတ်သို့ ရေတ်အစိုများ တင်ပို့မှုနည်းနေကာ ပုံမှန်ဈေးငွေကျပ် ၂၀၀၀ ကျော်နှုန်းခန့်သာရှိနိုင်ကြောင်းနှင့် ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရန်လည်း စီစဉ်နေဆဲ ဖြစ်ကြောင်းသိရသည်။ မတ်ပဲ(RC)ဈေးမှာ မတ်လဆန်းမှစ၍ တစ်တန်လျှင် ငွေကျပ်ကိုးသိန်းအောက်သို့ကျဆင်းခဲ့ရာ မတ် ၃ ရက်က တစ်တန်လျှင် ငွေကျပ် ၉၅၇၀၀၀၊ မတ် ၄ ရက်က ငွေကျပ် ၉၃၅၀၀၀၊ မတ် ၅ ရက်က ငွေကျပ် ၈၉၉၀၀၀ နှင့် မတ် ၆ ရက်တွင် ငွေကျပ် ၈၅၇၀၀၀ နှုန်း ရှိခဲ့သည်။ မတ် ၆ ရက်က မတ်ပဲ(RC) ကုန် သေတ္တာအလုံးပေါင်း ၁၃၀(တန်ချိန် ၃၁၂၀) အရောင်းအဝယ်ဖြစ်ခဲ့သည်ဟုသိရသည်။မတ်ပဲဈေးနှုန်းသည် မတ်ပဲအသစ်များထွက်ပေါ်သည့် မတ်လတွင်ဈေးနှုန်းများ ကျဆင်းပြီး လှောင်သမားများက ပြန်လည်ထုတ်ရောင်းသည့်အချိန် နိုဝင်ဘာလတွင် ဈေးနှုန်းများမြင့်တက်လေ့ရှိသည်။

၂၀၁၈ ခုနှစ်က မတ်ပဲထွက် ပေါ်ချိန် မတ် ၆ ရက်ဈေးမှာ ငွေကျပ် ၄၈၅၀၀၀ နှုန်းရှိပြီး လှောင်သမားများက ပြန်ထုတ် ရောင်းချချိန် နိုဝင်ဘာ ၆ ရက်တွင် ငွေကျပ် ၉၈၈၀၀၀ အထိ မြင့်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင်လည်း ပဲထွက်ပေါ်ချိန် မတ် ၆ ရက်က ငွေကျပ် ၆၇၄၀၀၀ နှုန်းသာရှိခဲ့၍ လှောင်လက်များပြန်ရောင်းချချိန် နိုဝင်ဘာ ၅ ရက်တွင် ငွေကျပ် ၁၃၃၀၀၀၀ အထိ အမြင့်ဆုံးဈေးသို့ရောက်ရှိခဲ့သည်။ သို့ဖြစ်ရာ မတ်ပဲအသစ်ထွက်သည့်ကာလဈေးနှုန်းနှင့် လှောင်သမားများ ထုတ်ရောင်းချိန် ဈေးနှုန်းကွာခြားမှုသည် တစ်ဆဝန်းကျင်ရှိနေတတ်သောကြောင့် ယခု ၂၀၂၀ မတ်ပဲ အသစ်ထွက်ပေါ်ချိန်တွင်လည်း ဖြစ်လာ နိုင်သည့်ဈေးနှုန်းအနေအထားအပေါ် မတ်ပဲစိုက်ပျိုးသူများအနေဖြင့် စိုးရိမ်မှုများရှိနေကြကာရောင်းချရန်အတွက်လည်း ဝေခွဲမရ ဖြစ်နေကြသည်ဟု တောင်သူအချို့ကပြောသည်။

Source: https://www.facebook.com/MYANMAALINNNEWS/

## ရိဒ်ခေါဒါရ်မြို့တွင် ရင်းနှီးမြှုပ်နှံသူဖိတ်ခေါ်သည့် ကုန်စည်ပြပွဲပြုလုပ်

မြန်မာ-အိန္ဒိယနယ်စပ်ကုန်စည်ရောင်းဝယ်ရေးတွင် ဒုတိယအကြီးမားဆုံးဖြစ်သည့် ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိဒ်ခေါဒါရ်မြို့၌ ရင်းနှီးမြှုပ်နှံသူ ဖိတ်ခေါ်သည့်ကုန်စည်ပြပွဲကို ဒေသတွင်းထွက်ကုန်များဖြင့် မတ် ၇ ရက် နှင့် ၈ ရက်တို့တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါပြပွဲကို တစ်ဖက်အိန္ဒိယ နိုင်ငံ မီဇိုရမ်ပြည်နယ်မှ စိတ်ဝင်စားသည့် ကုန်သည်များ လာရောက် လေ့လာကြည့်ရှုမှုရှိကြောင်း ရိဒ်ခေါဒါရ်မြို့ ဒေသခံ ဒေါ်ဆုန်သဲကပြောသည်။




ယခုပြုလုပ်သော ဒေသထွက်ကုန်စည်ပြပွဲကို ဖလမ်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ပြုလုပ်ခြင်းဖြစ်ရာ ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်အတွင်းရှိ တောင်ယာ၊ ဥယျာဉ်ခြံများမှ ထွက်ရှိသည့် သစ်သီးဝလံအများဆုံးလာရောက်ပြသခဲ့ကြောင်းသိရသည်။ "ကျွန်တော်တို့ မြန်မာ-အိန္ဒိယ နယ်စပ်ရိဒ်ခေါဒါရ်မြို့ကကျင်းပရတဲ့ ကုန်စည်ပြပွဲရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဒေသထွက်သီးနှံပေါ့နော်။ ကုန်စည်ရောင်းဝယ် နိုင်ဖို့၊ ပစ္စည်းဖလှယ်နိုင်ဖို့၊ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေဖြစ်စေဖို့ ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ပြည်ပ

ကလာတဲ့ အာဆီယံကိုယ်စားလှယ်တွေက သူတို့ဒေသမှာမရှိတဲ့ ကုန်စည်တွေအတွက် ကျွန်တော်တို့ဒေသမှာ လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ဖို့ ဖိတ်ခေါ်ဆောင်ရွက်တာမျိုးလည်းဖြစ်ပါတယ်"ဟု ဖလမ်းမြို့နယ်စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူကပြောသည်။ မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်ခေါဒါရ်မြို့ကုန်စည်ပြပွဲ၌ အိန္ဒိယနိုင်ငံမြို့တော်ဒေလီတွင် အခြေစိုက်သည့် အာဆီယံသံအမတ်များ၏ ငါးရက်ကြာခရီးစဉ်တစ်ခုအဖြစ် လာရောက်လည်ပတ်သည့်ခရီးစဉ်နှင့် ကြုံနေသည်ဖြစ်ရာ အိန္ဒိယနိုင်ငံ မီဇိုရမ်မှတစ်ဆင့် မြန်မာနိုင်ငံ ချင်းပြည်နယ် ရိဒ်ခေါဒါးရ်မြို့ကုန်စည်ပြပွဲသို့ လာရောက်လည်ပတ်ကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိဒ်ခေါဒါရ်မြို့ကုန်စည်ပြပွဲတွင် ဒေသတွင်းထွက်ကုန်စည်များဖြစ်သော ကော်ဖီ၊ ဝဥ၊ ထောပတ်သီး၊ သဘော်သီးအစရှိသည့် သစ်သီးဝလံမျိုးစုံနှင့် ဒေသထွက်အသီးအနှံများမှ ထုတ်လုပ်ရောင်းချနေသည့် ကုန်ချောများကိုပါ ထည့်သွင်းပြသကြောင်းသိရသည်။ "အဓိကကတော့ အာဆီယံသံအမတ်တွေက မိသားစုနဲ့ ဒေသတွင်းအလည်အပတ်လာကြတဲ့ ခရီးစဉ်တစ်ခုပါ။ အရင်တုန်းကလည်း အိန္ဒိယဘက်ကနေ စစ်ကိုင်းတိုင်းဒေသကြီးတမူးမြို့ကို လာရောက်လည်ပတ်ဖူးပါတယ်။ သူတို့လာတုန်းလာခိုက်ပြသတဲ့ ကုန်စည်ပြပွဲတစ်ခုဖြစ်ပါတယ်။ သူတို့စိတ်ဝင်စားမှုရှိရင် သက်ဆိုင်ရာနဲ့ ဆွေးနွေးဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ချင်းပြည်နယ်အစိုးရတာဝန်ရှိသူတစ်ဦးကပြောသည်။ မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်ခေါဒါရ်မြို့သည် နိုင်ငံတကာဂိတ်တခါးဝတစ်ခုဖြစ်ပြီး မြန်မာ-အိန္ဒိယနယ်စပ်ရောင်းဝယ်ရေးကို ၁၉၉၀ ပြည့်ဝန်းကျင်ကာလများမှ စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာဂိတ်တံခါးအဖြစ် ၂၀၁၉ ဩဂုတ်လက တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

Source: https://myanmar.mmtimes.com/news/136450.html

## နိုင်ငံခြားငွေလဲနှုန်းကျဆင်းမှုကြောင့် ၅ ရက်အတွင်း ပြည်တွင်းပဲဈေး သိသာစွာကျဆင်း

အမေရိကန်ဒေါ်လာနှင့် တရုတ်ငွေဈေး(နိုင်ငံခြားငွေလဲလှယ်နှုန်း)များ ကျဆင်းလာခြင်းက ပြည်တွင်းပဲဈေးကွက်အပေါ် သက်ရောက်ခဲ့သဖြင့် လက်ရှိ ၅ ရက်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် အဓိကအားဖြင့် တရုတ်သို့ တင်ပို့သည့်ပဲဈေးများ သိသာစွာကျဆင်းလာကြောင်း ပဲကုန်သည်များထံမှသိရသည်။ မတ်လဆန်းမှစ၍ နိုင်ငံခြားတင်ပို့မှုနှင့် ဆက်နွှယ်နေသည့် ပြည်တွင်းပဲများမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၂၀၀၀ မှ အများဆုံး ကျပ်တစ်သောင်းဝန်းကျင်ထိ ဈေးကျဆင်းလာပြီး တရုတ်ငွေဈေးကျဆင်းမှုက ပိုမို ထိခိုက်စေသည်ဟု မန္တလေးကုန်စည်ဒိုင်မှ ပဲကုန်သည် ကိုမိုးကပြောသည်။ "ပဲဈေးကျတာက ရက်စက်တယ်။ အဓိက တရုတ်ငွေဈေးပါ။ တောင်သူထက် ပွဲစားတွေအထိနာတယ်။ ဖြတ်ပေးတဲ့ဈေးနဲ့မရောင်းရရင် ရှုံးပြီ။ အရှုံးခံပြီး မရောင်းရင် ငွေမလည်တော့ ပေးတဲ့ဈေးနဲ့ရောင်းရတဲ့အခါ ဈေးလည်းကျတာပေါ့။ တရုတ်လိုင်းထွက်တဲ့ပဲက အဓိကဈေးကျတယ်။ ငွေဈေးကျဆင်းတာနဲ့ ဝယ်လက်မရှိတာကြောင့် ပဲဈေးကွက်ထိခိုက်တယ်"ဟု ၎င်းကပြောသည်။

တရုတ်ငွေလဲနှုန်းတွင် ယခင်က ယွမ် ၁၀၀ လျှင် ငွေကျပ်၂၁၅၀၀ ဝန်းကျင်ရရှိပြီး လက်ရှိငွေဈေးအရယွမ် ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀ ဝန်းကျင်သာရရှိကာ ကျပ်သိန်းတစ်ထောင်အပေါ် ကျပ်သိန်း ၃၀ ဝန်းကျင်လျော့နည်းသွားသကဲ့သို့ ဒေါ်လာဈေးကျဆင်းရာမှ မြန်မာငွေလဲလှယ်ရရှိမှု လျော့နည်းသွားခြင်းဖြင့် ဈေးပေးဝယ်ယူနိုင်ခြင်းမရှိတော့ကြောင်းသိရသည်။ "တရုတ်ငွေဈေးက ဒေါ်လာနဲ့ ချိတ်ဆက်နေတော့ အဲဒီငွေဈေးတွေကျတဲ့ပေါ်မှာဖြစ်တာ။ သီးနှံအပေါ် တရုတ်က ပေးရတဲ့ငွေက အရင်တိုင်းပေးရပေမယ့် မြန်မာငွေလဲလိုက်တဲ့အခါ အရင်လောက်မရတော့ဘူး။ အရင်ငွေဈေးနဲ့က ၁၄ ကျပ်ရရင် ခု ၁၂ ကျပ်ပဲရတဲ့သဘောပါ။ပဲဈေးကျပေမယ့်ပြောင်းကတော့ လက်ရှိဝယ်နေလို့ ဈေးမကျဘူး။ ဆန်ဈေးလည်း မကျဘူး"ဟု မန္တလေးကုန်စည်ဒိုင်ဥက္ကဌ ဦးချွန်ကပြောသည်။

မတ်ပဲမှာ ကျပ် ၉၀၀၀၀ မှ ၈၀၀၀၀ ပေါက်ဈေးရှိသဖြင့် ကျပ် ၁၀၀၀၀ ကျဆင်းခဲ့ပြီး ပဲတီစိမ်း(ရွှေဝါ)မှာ ၁၁၉၀၀၀ မှ ၁၁၃၀၀၀ ကျပ်ဝန်းကျင်ဖြစ်၍ ၆၀၀၀ ကျပ်ဝန်းကျင်ကျဆင်းခဲ့သည်။ ပဲတီစိမ်းကြီးမှာပုံမှန်ရှိပြီး စားတော်ပဲမှာ ၆၅၀၀၀ မှ ၅၇၀၀၀ ကျပ်ဝန်းကျင်ရှိ၍ ၈၀၀၀ ကျပ်ကျဆင်းလာပြီး ပဲရင်းမှာ ပြီးခဲ့သည့် ၅ ရက်ကထက် ကျပ် ၇၀၀၀ ဝန်းကျင်ကျဆင်းခဲ့ရာ ပြည်တွင်းပဲဈေးကွက်တွင် အများဆုံး ကျပ်၁၀၀၀၀ ထိ ဈေးကွက်ကျဆင်းခဲ့သည်။ မြန်မာငွေနှင့် နိုင်ငံခြားငွေလဲနှုန်းများအရ မတ်လ၅ ရက်နေ့က အမေရိကန်ဒေါ်လာဈေးမှာ ၁၃၉၃ ဒသမ ၈ ၊ ယူရိုငွေဈေး ၁၅၅၂ ဒသမ၂ နှင့် တရုတ်ငွေဈေး၂၀၀ ဒသမ ၇၅ ရှိခဲ့သည်။ နိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒေါ်လာ ဈေးကျဆင်းနေမှုကြောင့် မတ်လ ၅ ရက်နေ့က အမေရိကန်ဒေါ်လာ သိန်း ၃၀ ဖိုးကို ငွေလဲနှုန်း ၁၃၉၈ ဒသမ ၆ ကျပ်ဖြင့် ဝယ်ယူခဲ့သည်။

Source: https://myanmar.mmtimes.com/news/136402.html

## သရက်သီးစားသောက်ကုန် စမ်းသပ်ထုတ်လုပ်ရန် စိန်တလုံးသရက် တန်ချိန် ၁၂၀၀ ဂျပန်ကုမ္ပဏီ ဝယ်ယူမည်



ရန်ကုန်မြို့ သီလဝါစက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံထားသည့် ဂျပန်နိုင်ငံ YUKIOH(ယူခိအို) ကုမ္ပဏီက သရက်သီးစားသောက်ကုန် ထုတ်လုပ်မည်ဖြစ်ရာ ယခုသရက်ရာသီတွင် စမ်းသပ်ထုတ်လုပ်ရန်အတွက် စိန်တလုံးသရက် တန်ချိန် ၁၂၀၀ ကို မန္တလေးတိုင်းအတွင်းရှိ သရက်စိုက်တောင်သူများထံ ကွင်းဆင်းဝယ်ယူနေကြောင်းသိရသည်။ အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူများသည် ပြီးခဲ့သည့် ဖေဖော်ဝါရီနောက်ဆုံးပတ်က မတ္တရာမြို့နယ်မှ သရက်ခြံပိုင်ရှင်အချို့နှင့် တွေ့ဆုံခဲ့ပြီး ဝယ်ယူခဲ့ရာ တန်ချိန် ၃၀ ခန့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း ရုံးပင်ကျေးရွာ မပော်သရက်ခြံမှ ဦးသန်းလွင်ကပြောသည်။ "စက်ရုံမှာ စပြီးစမ်းသပ်ထုတ်လုပ်ပြီး နောက်ပိုင်းရေရှည်ဝယ်ယူသွားမှာလို့သိရတယ်။ သူတို့ဝယ်ရင်အလွတ်ဝယ်မှာပါ။ အိတ်စွပ်စရာမလိုဘူး။ တရုတ်ဈေးကွက်ကိုအရောက်တို့ အသီးလှဖို့တို့ မလိုဘူး။ ကြွေကျလို့ပွန်းပဲ့တာလည်းယူမှာပါ။ ကုမ္ပဏီနဲ့ခြံရှင်တွေ ဈေးနှုန်းညှိခဲ့ကြတယ်။ ကျွန်တော်လည်း ခြံကထွက်သလောက် စာချုပ်မချုပ်ဘဲ သုံးတန်လောက်ပဲ စမ်းသပ်သဘောနဲ့ချုပ်ခဲ့တယ်"ဟု ၎င်းကပြောသည်။

ယခုဝယ်ယူမည့် တန်ချိန် ၁၂၀၀ မှာ မတ္တရာမြို့နယ်တစ်ခုတည်းမှ လုံလောက်စွာရရှိနိုင်မည်ဖြစ်သော်လည်း အခြေအနေများလေ့လာလိုသောကြောင့် သရက်ခြံငါးခြံမှ ဝယ်ယူရန် အနည်းငယ်စီချုပ်ဆိုခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ကုမ္ပဏီဝယ်ဈေးမှာ သရက်ခြံများအနေဖြင့် တွက်ခြေကိုက်မှုနည်း၍ဈေးနှုန်းညှိနိုင်းခဲ့ကြောင်း၊ ဂျပန်ကုမ္ပဏီက အပုပ်မှလွဲ၍ အသီးအားလုံးနီးပါးကို ဈေးနှုန်းသင့်စွာ ဝယ်ယူမည်ဖြစ်၍ တရုတ်သို့တင်ပို့မှုထက် အားသာချက်ရှိကြောင်းသိရသည်။ "ဈေးကွက်တစ်ခုအဖြစ် ဂျပန်နိုင်ငံက သရက်ယိုတွေထုတ်ဖို့ သီလဝါမှာစက်ရုံလည်းပတ်ဖို့လုပ်နေပြီ။ သူတို့ဝယ်မှာက အိတ်စွပ် စရာမလိုဘူး။ သူတို့ကိုယ်တိုင် ခြံအရောက်လာကောက်မယ်။ တောင်သူက ဘာမှမလိုဘဲ ထုတ်လုပ်မှုစရိတ်သက်သာတယ်။ သူတို့ပေးဈေးက Export ဈေးလောက်ရချင်မှရမယ်"ဟု သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။

ဂျပန်ကုမ္ပဏီအနေဖြင့် သရက်ခြံအရောက် လာရောက်ဝယ်ယူမည်ဖြစ်ပြီး ခြံအလိုက် သရက်သီးများကို အနံ့၊ အရသာ၊ အရည်အသွေးတို့ကိုစစ်ဆေး၍ လိုအပ်ချက်များနှင့်အသီးနှုန်းကောင်းမွန်စေရန် ထောက်ပံ့ကူညီပေးသွားမည်ဖြစ်သည့်အပြင် တစ်နှစ်ပတ်လုံး သရက်သီးကုန်ကြမ်းပြတ်လပ်မှုမရှိရန် ရင်ကွဲ၊ ပတ္တမြား ငမောက်စသည်ဖြင့် အခြားသရက်သီးအမျိုးအစားများလည်း ဝယ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

Source: https://myanmar.mmtimes.com/news/136486.html

## အိန္ဒိယက ဆေးတင်ပို့ရောင်းချမှုကို ကန့်သတ်လိုက်ခြင်းကြောင့် ဆေးဝါးပြတ်လပ်မည်ကိုစိုးရိမ်

ကိုရိုနာပိုင်းရပ်စ်ကြောင့် အိန္ဒိယသည် အချို့သောဆေးဝါးများတင်ပို့မှုကို ကန့်သတ်လိုက်ပြီးနောက် ကမ္ဘာပေါ်တွင် အသုံးများသောဆေးဝါးများ ရှားပါးလာမည်ကိုစိုးရိမ်လျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ ကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီအမှတ်အသားတံဆိပ်မပါသော ဆေးဝါးများထုတ်လုပ်ရေးလုပ်ငန်းတွင် ကမ္ဘာ့အကြီးဆုံးထုတ်လုပ်သူဖြစ်သော အိန္ဒိယကဆေးဝါးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုသည့် ပါဝင်ပစ္စည်း ၂၆ မျိုးနှင့် ၎င်းပစ္စည်းများမှ ထုတ်လုပ်သည့် ဆေးဝါးများ ပြည်ပသို့ တင်ပို့ရောင်းချခြင်းကို ကန့်သတ်လိုက်ခြင်းဖြစ်သည်။ ကန့်သတ်လိုက်သော ဆေးများထဲတွင် နာကျင်မှုကို သက်သာစေရန် ကမ္ဘာပေါ်တွင် အသုံးအများဆုံးဖြစ်သော ပါရာစီတမောဆေး ပါဝင်နေသည်။

တရုတ်နိုင်ငံရှိ ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းရှင်များသည် ထုတ်လုပ်မှုကို ပိတ်ထားခြင်း သို့မဟုတ် လျှော့ချခြင်းများ

ပြုလုပ်နေသည်။ အိန္ဒိယဆေးဝါးထုတ်လုပ်သူများသည် ၎င်းတို့ထုတ်လုပ်သော ဆေးဝါးများထဲမှ ၇၀ ရာခိုင်နှုန်းသော ပါဝင်ပစ္စည်းများကို တရုတ်နိုင်ငံသို့ မှီခိုအားထားနေရခြင်းဖြစ်ပြီး စက်မှုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကမူ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားချိန်ကြာမြင့်လာပါက ဆေးဝါးပြတ်လပ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်းသတိပေးသည်။ "တရုတ်နိုင်ငံမှာထုတ်လုပ်တာမဟုတ်တဲ့ ဆေးဝါးဆိုရင်တောင် အဲဒီဆေးထဲက ပါဝင်ပစ္စည်းတွေဟာ တရုတ်နိုင်ငံကရတာပါ။ တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံလုံးထိရင် တစ်ကမ္ဘာလုံး ဆေးဝါးပြတ်လပ်မှုဖြစ်နိုင်တယ်" ဟု တရုတ်စျေးကွက်သုတေသနအဖွဲ့မှ လေ့လာဆန်းစစ်သူ Shaun Rein က သတိပေးသည်။

အိန္ဒိယကပိတ်ပင်လိုက်သည့် ဆေးဖော်စပ်ရာတွင် ထည့်သွင်းသည့်ပစ္စည်းများနှင့် ၎င်းတို့နှင့် ဆက်စပ်နေသော ဆေးဝါးများ၏ပမာဏမှာ အိန္ဒိယက ပြည်ပသို့တင်ပို့ရောင်းချသည့် ဆေးအားလုံး၏ ၁၀ ရာခိုင်နှုန်းအထိရှိသည်။ ယင်းဆေးဝါးများတွင် Tiniaszole နှင့် Erythromycin ကဲ့သို့သော ပဋိဇီဝဆေးဝါးများ၊ အမျိုးသမီးများကိုယ်ဝန်ဆောင်မှုနှင့်ဆိုင်သော ဟိုမုန်းဆေးနှင့် ဗီတာမင် B 12 တို့ပါဝင်သည်။ ယခုကန့်သတ်ချက်နှင့်ပတ်သက်၍ မစိုးရိမ်ကြရန် အိန္ဒိယအစိုးရကတိုက်တွန်းထားပြီးနောက် သုံးလစာအထိ ဆေးဝါးများအလုံအလောက်ရှိကြောင်းပြောကြားခဲ့သည်။ ၂၀၁၈ ခုနှစ်က အမေရိကသို့တင်သွင်းလာသည့် အိန္ဒိယဆေးဝါးများ၏ ပမာဏမှာ အမေရိကရှိ ဆေးဝါးအားလုံး၏ လေးပုံတစ်ပုံနီးပါးရှိပြီး ဆေးဖော်စပ်ရာတွင်ပါဝင်သည့် ပစ္စည်းများတွင်မူ ၃၀ ရာခိုင်နှုန်းထိရှိကြောင်း အမေရိကန်အစားအစာနှင့် ဆေးဝါးဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့ကပြောကြားထားသည်။

Source: https://voicejournalmm.com/archives/24286?fbclid=IwAR36G_fkkH5RD-ctmfld EpQ odTmVItQGsKKY2M5f6nfMzKpuvoYMj5kcgtU

## အိန္ဒိယက ကြက်သွန်နီပြန်တင်ပို့မည်ဟုထုတ်ပြန်ပြီးနောက် ဘင်္ဂလားဒေ့ရှ်တွင်ကြက်သွန်စျေးကျ

လာမည့် မတ်လ ၁၅ ရက်နေ့မှစတင်၍ အိန္ဒိယမှပြည်ပသို့ ကြက်သွန်နီ တင်ပို့မှုကို ပြန်လည်ခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနက ယခုအပတ်တွင် ထုတ်ပြန်ကြေညာသည်။ အလျှံပယ်ပေါ်လာမည့် ဆောင်းကြက်သွန်သစ်များကြောင့် ကြက်သွန်နီစျေးနှုန်းများကျဆင်းလာနိုင်သဖြင့် အိန္ဒိယအစိုးရက ၆ လနီးပါး ပိတ်ပင်ထားသော ကြက်သွန်နီတင်ပို့မှုကို ပြန်လည်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ ယခင်နှစ်က အိန္ဒိယအစိုးရသည် ကြက်သွန်နီကို လွတ်လပ်စွာ တင်ပို့ရသောကုန်စည်အဖြစ်မှတားမြစ်ခဲ့ပြီး ပြည်တွင်းလိုအပ်ချက်အရ တူရကီ၊ အာဖဂန်နစ္စတန်နှင့် အီဂျစ်နိုင်ငံများထံမှပင် ဝယ်ယူ တင်သွင်းခဲ့သည်။ "တောင်သူတွေရဲ့ အကျိုးစီးပွားကို ရှေ့ရှုပြီးတော့ မတ်လ ၁၅ ရက်ကနေ စတင်ပြီး ကြက်သွန်နီတင်ပို့မှုကို ပြန်ခွင့်ပြုပေးပါတော့မယ်။ အစိုးရရဲ့ ဒီဆုံးဖြတ်ချက်ကြောင့် တောင်သူတွေရဲ့ ဝင်ငွေလည်းတိုးပွားလာပါလိမ့်မယ်" ဟု စီးပွားရေးနှင့်စက်မှုဝန်ကြီး ပီရွတ်ဂိုရယ်ကပြောကြားသည်။ လွန်ခဲ့သော ၂၀၁၈-၁၉ ရာသီက အိန္ဒိယသည် ပြည်ပသို့ ဒေါ်လာ ၄၉၆.၈၂ သန်းတန်ဖိုးရှိ ကြက်သွန်နီများကို တင်ပို့ခဲ့ရာ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံတို့သည် အိန္ဒိယကြက်သွန်၏ အဓိကအကျဆုံး ထိပ်တန်းဝယ်လက် ၃ နိုင်ငံဖြစ်ခဲ့သည်။ ယခင်နှစ် စက်တင်ဘာလက အိန္ဒိယတွင် ကြက်သွန်စျေးများ ခေါင်ခိုက်အောင်မြင့်တက်ခဲ့သည့်နောက်ပိုင်း အစိုးရက ကြက်သွန်နီပို့ကုန်၏ အနိမ့်ဆုံးစျေးကို တစ်တန်လျှင် ဒေါ်လာ ၈၅၀ အဖြစ် သတ်မှတ်ခဲ့သည့်အပြင် ကြက်သွန်နီတင်ပို့မှုကိုပါ ပိတ်ပင်ခဲ့သည်။ အိန္ဒိယတွင် ယခင်နှစ် မိုးကာလအတွင်း မိုးသည်း၊ ရေကြီးမှုများဖြစ်ပွားခဲ့သည့်အတွက် မိုးစိုက်ကြက်သွန်နီများပျက်စီးခဲ့ရပြီး ကြက်သွန်ရှားပါးပြတ်လပ်မှုဖြစ်ပွားခဲ့သည်။ အိန္ဒိယမှ ကြက်သွန်နီပြန်လည်တင်ပို့မည့် သတင်းတရားဝင် ထွက်ပေါ်လာပြီးနောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၊ ဒါကာမြို့တော်ရှိ စျေးကွက်များတွင် ကြက်သွန်နီစျေးနှုန်းများကျဆင်းလာကြောင်းသိရသည်။

Source: **Economic Times, The Financial Express**

https://www.facebook.com/gromaxxmyanmar/posts/489519565074686?__tn__=K-R

## တရုတ်နိုင်ငံဘက်မှ နှမ်းပြန်လည်ဝယ်ယူလာမှုကြောင့် ဈေးနှုန်းများမြင့်တက်လာ




ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံဘက်မှနှမ်းများ ပြန်လည်ဝယ်ယူလာခြင်းကြောင့် ပြည်တွင်းနှမ်းဈေးနှုန်းများ ပြန်လည်မြင့်တတ်လာကြောင်း အောင်လံကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးအောင်မိုးကပြောသည်။ လက်ရှိတွင် နှမ်းထိပ်စများ ရှားလာခြင်းကြောင့် တရုတ်နိုင်ငံဘက်မှ ပြန်လည်ဝယ်ယူလာပြီး မူဆယ်နယ်စပ်တွင်လည်း ကုန်စည်ခွန်ကင်းလွတ်ခွင့်ပေးထားကြောင်းသိရသည်။ "လောလောဆယ် နှမ်းထိပ်စလေးတွေရှားလာတော့ တရုတ်နိုင်ငံဘက်က ပြန်ဝယ်လာတယ်။ နယ်စပ်မှာလည်း ကုန်စည်ခွန်ကင်းလွတ်ခွင့်ပေးထားတော့ အခုရက်ပိုင်း နှမ်းဈေးအနည်းငယ်မြင့်တက်လာတာဖြစ်ပါတယ်" လို့ ဦးအောင်မိုးကဆိုသည်။ လက်ရှိ မတ်လ ၆ ရက်နေ့ မန္တလေးကုန်စည်ဒိုင် နှမ်းမျိုးစုံဈေးကွက်ပေါက်ဈေးများအရ နှမ်းနက်(စမုံ) ၃ တင်းဝင် တစ်အိတ်လျှင် ၂၀၀,၀၀၀ မှ ၂၁၅,၀၀၀ ကျပ်ခန့်၊ နှမ်းညို တစ်အိတ်လျှင် ၁၂၀,၀၀၀ ကျပ်ခန့်၊ ပန်းနှမ်းတစ်အိတ်လျှင် ၆၃,၀၀၀ ကျပ်ခန့်၊ နှမ်းဖြူ တစ်အိတ်လျှင် ၁၂၃,၀၀၀ မှ ၁၃၃,၀၀၀ ကျပ်ခန့် အသီးသီးပေါက်ဈေးရှိနေကြောင်းသိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မန္တလေးကုန်စည်ဒိုင် နှမ်းမျိုးစုံဈေးကွက် ပေါက်ဈေးများအရ နှမ်းနက်(စ မုံ) ၃ တင်းဝင် တစ်အိတ်လျှင် ၁၈၅,၀၀၀ မှ ၂၁၀,၀၀၀ ကျပ်ခန့်၊ နှမ်းညို တစ်အိတ်လျှင် ၁၁၅,၀၀၀ မှ ၁၂၀,၀၀၀ ကျပ်ခန့်၊ ပန်းနှမ်းတစ်အိတ်လျှင် ၆၄,၀၀၀ မှ ၆၅,၀၀၀ ကျပ်ခန့်၊ နှမ်းဖြူ တစ်အိတ်လျှင် ၁၂၀,၀၀၀ မှ ၁၃၂,၀၀၀ ကျပ်ခန့် အသီးသီး ပေါက်ဈေးရှိခဲ့ကြောင်းသိရသည်။ " နှမ်းဈေးက အခုနောက်ပိုင်း တရုတ်နိုင်ငံဘက်က ပြန်ဖွင့်ပြီးတဲ့နောက်မှာ ပြန်လည်မြင့်လာတယ်။ ပြည်ပဈေးကွက်မှာ ဒေါ်လာဈေးကျဆင်းနေတော့ ဆက်ပြီးမြင့်တတ်နိုင်ခြေမရှိဘူး" ဟု နှမ်းကုန်သည်များအသင်းအဖွဲ့ဝင် ဒေါ်မေသက်ခိုင်ကပြောသည်။

လက်ရှိ မြန်မာနိုင်ငံမှ နှမ်းကို တရုတ်၊ ဂျပန်၊ ထိုင်ဝမ်နှင့် ကိုရီယားနိုင်ငံတို့ကို တင်ပို့ရောင်းချလျှက်ရှိပြီး၊ တရုတ်နှင့် ဂျပန်နိုင်ငံများမှ အဓိကဝယ်ယူနေခြင်းဖြစ်သည်။ ပြည်ပသို့ တစ်နှစ်လျှင် နှစ်မျိုးစုံပျှမ်းမျှတန်ချိန် ၁၃၀,၀၀၀ ခန့် တင်ပို့နေကြောင်းသိရသည်။ နှမ်းကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သော မကွေး၊ စစ်ကိုင်းနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် အ များဆုံးစိုက်ပြီး မိုးနှမ်းကို မေလနှင့်ဇွန်လများတွင်စိုက်ပျိုးကာ ဇူလိုင်နှင့်စက်တင်ဘာလတို့တွင် ရိတ်သိမ်းကြသည်။

**Source:** http://htwettoe.com/article-details/news/8936593

## COVID-19 ဂယက်ကြောင့် ပြည်တွင်းစက်သုံးဆီဈေး ကျဆင်း




COVID-19 ၏ ရိုက်ခတ်မှုမျိုးစုံကြောင့် ပြည်တွင်းစက်သုံးဆီဈေးမှာ တစ်လီတာလျှင် ကျပ် ၂၀ ဝန်းကျင်ကျဆင်းလာကြောင်းသိရသည်။ စက်သုံးဆီအများဆုံးအသုံးပြုနေသည့် တရုတ်နိုင်ငံတွင် COVID-19 ကြောင့် ဆီသုံးစွဲမှုလျော့ကျနေသလို ယခုရက်ပိုင်းအတွင်း ဒေါ်လာဈေး ကျဆင်းလာနေမှုကြောင့် ပြည်တွင်းစက်သုံးဆီဈေးသိသာစွာကျဆင်းလာနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။

"ပြည်တွင်းစက်သုံးဆီဈေးက နိုင်ငံခြား Stock ဈေးကွက်မှာလည်း ဈေးကျလာတယ်။ တို့နိုင်ငံရဲ့ Exchange Rate ကလည်းကျနေတယ်။ နံပါတ်တစ်က တရုတ်နိုင်ငံမှာဖြစ်ပွားနေတဲ့ဗိုင်းရပ်စ်ကြောင့် ဆီသုံးစွဲမှုလျော့ကျလာနေတယ်။ နံပါတ်နှစ်က Stock Exchange Rateတွေ ပြိုလာတယ်။

နိုင်ငံတကာစက်သုံးဆီဈေးက ပြည်တွင်းဒေါ်လာငွေလဲနှုန်းတွေကျတော့ ဒါတွေကြောင့် စက်သုံးဆီဈေးတွေ ထိုးကျနေတာပေါ့''ဟု ဦးဝင်းမြင့်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ မတ် ၇ ရက် ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ အောက်တိန်း- ၉၂ တစ်လီတာ ကျပ် ၆၆၀၊ အောက်တိန်း- ၉၅ တစ်လီတာ ကျပ် ၇၈၀၊ ဒီဇယ်တစ်လီတာ ကျပ် ၇၂၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၇၃၀ ဖြင့်ရောင်းချနေပြီး ယခင်ရက်များထက် တစ်လီတာ ကျပ် ၂၀ ဝန်းကျင် ကျဆင်းခဲ့ခြင်းဖြစ်သည်။ စက်သုံးဆီဈေးပြန်လည်မြင့်တက်နိုင်မည့်အချိန်ကို ကြိုတင်မခန့်မှန်းနိုင်ကြောင်း ကိုရိုနာဗိုင်းရပ်စ်အခြေအနေနှင့် နိုင်ငံတကာ Stock Exchange ဈေးကွက်ပေါ် မူတည်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/136417.html

## ဒေါ်လာဈေး ထပ်မံကျဆင်းလာပါက သွင်းကုန်၊ ပို့ကုန်ကဏ္ဍကို ထိခိုက်လာနိုင်



ပြည်တွင်းရှိ ပြည်တွင်းငွေလဲလှယ်နှုန်းထပ်မံကျဆင်းလာပါက မြန်မာနိုင်ငံ၏ သွင်းကုန်၊ ပို့ကုန်ကဏ္ဍကို ထိခိုက်လာနိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) ၏ အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းကဆိုသည်။ မတ်လ ၆ရက်နေ့က ပြုလုပ်သော Covid–19 ဂယက်ကြောင့် လုပ်ငန်းရှင်များကြုံတွေ့နေရသည့် အခြေအနေကို တင်ပြသည့်သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။ “လက်ရှိ ငွေလဲလှယ်မှုနှုန်းက အမေရိကန် တစ်ဒေါ်လာကို ၁၄၀၀ အောက်ကို ရောက်သွားပြီဖြစ်တယ်။ ဒီတိုင်းသာ ဆက်သွားမယ်ဆိုရင် သိပ်မကြာခင်မှာ ဒီထက်ပိုဆင်းလာမယ့် အနေအထားမှာရှိတယ်။ အဲ့ဒါသည် export စီးပွားရေးကို တော်တော်ကြီး ရိုက်ခတ်လာဦးမှာဖြစ်တယ်။”ဟု ၎င်းကဆိုသည်။

Covid 19 ဂယက်ကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအပါအဝင် စိုက်ပျိုးရေးနယ်ပယ်ရှိ သွင်းကုန်ထုတ်ကုန်ကဏ္ဍအထိပါ ရိုက်ခတ်လာနိုင်ကြောင်း ဦးအေးဝင်းကပြောသည်။ “ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာကို နိုင်ငံခြား ငွေလဲလှယ်မှုနှုန်း ပမာဏဟာမထင်မှတ်တဲ့ ပမာဏတစ်ခုအထိကို အလျင်အမြန်ပြောင်းလဲလာတယ်။ ကျွန်တော်တို့ဆီက Export က လယ်ယာထွက်ကုန်ပစ္စည်းတွေများတဲ့အတွက် လတ်တလောငွေကြေး အပြောင်းအလဲက တော်တော်ကြီးကို သိသာထင်ရှားတဲ့ ရိုက်ခတ်မှုကို စတင်ကြုံတွေ့ရမှာဖြစ်ပါတယ်။”ဟု ဦးအေးဝင်းကဆိုသည်။ လက်ရှိအမေရိကန် ဒေါ်လာလဲလှယ်မှုနှုန်းမှာ မတ်လရက်ပိုင်းအတွင်း တစ်ဒေါ်လာကို မြန်မာငွေ ၁၄၀၀ ကျပ်မှ ၁၃၅၀ ကျပ်သို့ ကျဆင်းနေခဲ့သည်။ ထိုသို့ ကျဆင်းလာနေသည့် အမေရိကန်ဒေါ်လာဈေးနှုန်းများကို ထိန်းညှိရန် လုပ်ငန်းရှင်များ ပူးပေါင်းပြီး ဗဟိုဘဏ်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တင်ပြသွားမည်ဟု စီပွားရေးလုပ်ငန်းရှင်အချို့ကဆိုသည်။

ဒေါ်လာလိုအပ်ချက်ကြောင့် ပြည်တွင်းတွင် ဈေးမြင့်တက်ခဲ့ပြီး လက်ရှိ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ကုန်သွယ်မှုအချို့ရပ်ဆိုင်းသွားခဲ့ပြီး ဒေါ်လာလိုအပ်ချက် နည်းပါးလာသောကြောင့် ဒေါ်လာဈေးကျလာရခြင်းဖြစ်သည်ဟုအစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများတင်သွင်း၊ ပို့ဆောင်သည့် REPASSA ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာဇာနည်မောင်မောင်ကပြောသည်။ “ဒေါ်လာဈေးတက်ခြင်း ကျခြင်းပေါ်မှာ Export သမားကသာသွားတာ Import သမားက နာသွားတာရှိမယ်။ ဒါမှမဟုတ် ပြောင်းပြန်လဲဖြစ်နိုင်တယ်။ အစိုးရကနေ ဈေးနှုန်းအတက်အကျကို အများကြီးမတက်သွားအောင် မကျသွားအောင် ထိန်းချုပ်သင့်တာပေါ့။ အတက်အကျကတော့ရှိမှာပဲ။ ဒါပေမယ့် ဖြည်းဖြည်းတက် ဖြည်းဖြည်းကျ ဒီလိုသဘောပေါ့။”ဟု ဒေါက်တာဇာနည်မောင်မောင်ကပြောသည်။ ဒေါ်လာဈေးကျဆင်းလာမှုကို ထိန်းချုပ်နိုင်ရန်အတွက် ဗဟိုဘဏ်အနေနှင့် မတ်လ ၆ရက်နေ့ မနက်ပိုင်းက နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် အမေရိကန်ဒေါ်လာ ၃သန်း ဝယ်ယူခဲ့ပြီး လေလံအတွက် ပျမ်းမျှငွေလဲလှယ်နှုန်းမှာ မြန်မာငွေ ၁၃၈၁ကျပ်ဖြစ်သည်။ ဗဟိုဘဏ်အနေဖြင့် မတ်လအတွင်းမှာ အမေရိကန် ဒေါ်လာ ၁၂ သန်း ဝယ်ယူခဲ့ကြောင်းသိရသည်။

**Source:** http://www.mizzimaburmese.com/article/67834

## မင်းဘူး(စကု)မြို့နယ်အတွင်းရှိ နှမ်းစပါးစိုက်မည့်တောင်သူများကို မျိုးစပါးများစတင်ရောင်းချပေး



မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးမည့်တောင်သူများအား မျိုးကောင်းမျိုးသန့်စပါးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စတင်ရောင်းချပေးနေကြောင်း မင်းဘူး (စကု) မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်ဝင်း ထံမှသိရသည်။ "ကျွန်တော်တို့ဌာနနဲ့ အကျိုးတူ ဆောင်ရွက်နေတဲ့ တောင်သူတွေဆီမှာက မျိုးစပါးတင်း ၃၀၀၀ နဲ့ ဌာနကဂိုဒေါင်မှာ သိမ်းထားတာတင်း ၂၀၀၀ စုစုပေါင်းမျိုးစပါးတင်း ၅၀၀၀ ရှိပါတယ်။ နွေစပါးစိုက်ပျိုးမယ့် တောင်သူတွေကို မနောသုခမျိုးစပါးတင်း ၇၀၀၊ ဆင်းသုခတင်း ၇၀ နဲ့ ပွင့်ဖြူမြို့နယ် မျိုးသန်းခြံက မြို့နယ်အတွက် ရရှိတဲ့ မျိုးစပါးတင်း ၇၀၊ မြို့နယ် အစီအစဉ်ထဲက မျိုးစပါးတင်း ၃၃၀ စုစုပေါင်း မျိုးစပါးတင်း ၁၁၇၀ ကို ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်ပါတယ်။ မျိုးစပါးလိုအပ်တဲ့ တောင်သူတွေကို မျိုးကောင်းမျိုးသန့်စပါးမျိုးတွေ ရောင်းချပေးသွားမှာဖြစ်ပါတယ်"ဟု ဦးစီးမှူးဦးသိန်းနိုင်ဝင်းက ပြောသည်။

နွေစပါးစိုက်တောင်သူများကို လက်ရှိတွင် မနောသုခမျိုးစပါး တစ်တင်းလျှင်ကျပ် ၈,၅၀၀၊ ရတနာတိုးမျိုး စပါးတစ်တင်း လျှင် ကျပ် ၈,၀၀၀၊ ဆင်းသုခမျိုးစပါး တစ်တင်းလျှင် ကျပ် ၈,၀၀၀ တို့ဖြင့် ရောင်းချပေးကြောင်း၊ တချို့တောင်သူများသည် မိုးစပါးစိုက်ပျိုးရန် မျိုးကြိုတင်ဝယ်ယူကြကြောင်း ၎င်းကပြောသည်။ "ကျွန်တော်တို့ဒေသက မဲဇလီ ဆည်ရေသောက် ဒေသ ဖြစ်တဲ့အတွက် တစ်နှစ်ကို သုံးသီးစိုက်ပျိုးကြတယ်။ မိုးစပါး၊ နွေစပါးနဲ့ ကြားကာလမှာ ကုလားပဲ၊ နေကြာ၊ ပဲကြီးစတဲ့ သီးနှံတွေ စိုက်ပျိုးကြတယ်။ အခုလာမယ့် နွေစပါးကို စိုက်ကေလေးကေစိုက်ပျိုးသွားမှာဖြစ်ပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိတဲ့ မနောသုခမျိုး ကိုပဲ စိုက်သွားမှာဖြစ်ပါတယ်"ဟု မင်းဘူး (စကု) မြို့နယ် ကျောက်စစ်ပုံကျေးရွာမှ စပါးစိုက်တောင်သူ ကိုသောင်းအေးက ပြောသည်။

မင်းဘူး (စကု) မြို့နယ်အတွင်း နွေစပါးကို ပွင့်ဖြူမြို့နယ်နှင့်ထိစပ်နေသည့် ကျောက်စစ်ပုံကျေးရွာ၊ ကံသစ်ကျေးရွာ၊ ကံကုလားကျေးရွာ၊ ကံဘဲ့/ မကျီးချောင်းကျေးရွာအုပ်စုများမှာ ပွင့်ဖြူမြို့နယ်ရှိ မဲဇလီဆည်ရေသောက် ဧရိယာအတွင်းရှိသဖြင့် နှစ်စဉ်နွေစပါး စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ်တွင် နွေစပါးစိုက်ကေ ၃၀၀၀ နီးပါးစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/136497.html

## မင်းဘူး၊ မကွေးဒေသ၌ ကြက်သွန်နီဈေး ယခင်ဈေးအောက် ထက်ဝက်နီးပါးကျ



မကွေးတိုင်းဒေသကြီး မင်းဘူး၊ မကွေးဒေသမှထွက်သည့် ကြက်သွန်နီ(အသစ်)များ၏ ဈေးတန်းသည် ဒေသစုံမှထွက်သော ကာလဖြစ်သောကြောင့် ဈေးကွက်အတွင်းတွင် ယခင်ဈေးတန်း အောက် ထက်ဝက်နီးပါး ဈေးတန်းများကျဆင်းခဲ့ကြောင်း မင်းဘူး မြို့ရှိ ကြက်သွန်ပွဲရုံများမှသိရသည်။ ယခုရက်ပိုင်းတွင် မင်းဘူး ဒေသဝန်းကျင်မှ ကြက်သွန်နီ(အသစ်)များပေါ်ကာ ဈေးကွက်အတွင်း ဝင်ရောက်လာမှုကြောင့် ယခင် ကြက်သွန်နီ တစ်ပိဿာ ကျပ် ၁၇၀၀၊ ၂၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ ယခုရက်ပိုင်း ကြက်သွန်နီတစ်ပိဿာ ကျပ် ၈၀၀ ဈေးအထိ ကျဆင်း နေကြောင်းသိရသည်။ "ကျွန်မတို့ မင်းဘူးဈေးကွက်မှာတော့ အခုရက်ပိုင်း ကြက်သွန်နီတစ်ပိဿာ ကျပ် ၈၀၀ အထိဈေးကျခဲ့ပြီး အခုပွဲရုံက လက်ကားဈေးတစ်ပိဿာကျပ် ၈၀၀၊

လက်လီဈေး ကျပ် ၁၀၀၀ ဖြစ်ပါတယ်။ အခုရက်ပိုင်း ကြက်သွန်နီ(အသစ်)ကို နယ်စုံကနေဝင်ရောက်နေပေမယ့် အဓိကထွက်တာက မင်းဘူးဒေသ ပွင့်ဖြူမြို့နယ် မဲဇလီ၊ ဆည်တော်ဘက်က အများဆုံးထွက်ပါတယ်။ ပွဲရုံကို နေ့တိုင်းဝင်ရောက်နေတယ်"ဟု မင်းဘူးမြို့မဈေးကြီးမှ ကြက်သွန်ပွဲရုံပိုင်ရှင် ဒေါ်ခင်ဝင်းကပြောသည်။

ဆောင်းဝင်စတွင် မိုးရွာသွန်းမှုများသောကြောင့် ကြက်သွန်စိုက်ခင်းများပျက်စီးခဲ့ပြီး ထပ်မံစိုက်ပျိုးကြရသဖြင့် စိုက်ချိန်နောက်ကျခဲ့ကာ ကြက်သွန်ထွက်ရှိချိန်တွင် မထွက်ရှိခဲ့သည့်အတွက် ကြက်သွန်နီဈေးတန်းက တစ်ပိဿာ ကျပ် ၂၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်း၊ အခုဒေသစုံမှထွက်ရှိလာ၍ ဈေးတန်းများပြန်လည်ကျဆင်းလာကြောင်း ၎င်းကရှင်းလင်းပြောကြားသည်။ "ကျွန်တော်တို့ကျေးရွာက ဆောင်းဝင်စမှာ နှစ်စဉ်ကြက်သွန်စိုက်တဲ့ဒေသပါ။ ကြက်သွန်စိုက်မယ်ဆို (၁၀ တောင် × နှစ်တောင်ထွာ) စိုက်ခွက်တွေလုပ်ပြီး စိုက်ပျိုးကြတယ်။ တစ်ဧကကို စိုက်ခွက် ၅၀၀ လောက် အထိစိုက်လို့ရပြီး ထွက်ရှိချိန်မှာ စိုက်ခွက်တစ်ခွက်ကို ငါးပိဿာမှ ခုနစ်ပိဿာအထိထွက်ရှိတယ်။ ကြက်သွန်တစ်ဧကကို စိုက်ပျိုးစရိတ် ငါးသိန်းဝန်းကျင်လောက်တော့ ကုန်ကျပါတယ်။ အရင်နှစ်က ကြက်သွန်ပေါ်ချိန်မှာ တစ်ပိဿာ ကျပ် ၂၅၀၊ ကျပ် ၃၀၀ ဈေးလောက်သာ ရခဲ့တဲ့အတွက် အရှုံးပေါ်ခဲ့တယ်။ ဒီနှစ်တော့ ပေါ်စမှာ တစ်ပိဿာ ကျပ် ၁၇၀၀ ဈေးထိရခဲ့ပြီး အခုဒေသစုံကထွက်ရှိလာတော့ တစ်ပိဿာ ကျပ် ၈၀၀ ဈေးကျခဲ့ပေမယ့် အမြတ်အစွန်းကျန်ရှိပါတယ်"ဟု မင်းဘူးမြို့နယ် ရေမျက်ကျေးရွာနေ ကြက်သွန်စိုက်တောင်သူ ကိုဝင်းသောင်းကပြောသည်။ ကြက်သွန်နီကို မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ဆိပ်ဖြူ၊ နတ်မောက်၊ တောင်တွင်းကြီး စသည့်ဒေသများတွင် ဆောင်းဝင်စကာလ၌ စတင်စိုက်ပျိုးကြပြီး ယခုရက်ပိုင်းဒေသစုံမှထွက်ရှိသဖြင့် ဈေးတန်းများကျဆင်းခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/136487.html

## နိုင်ငံခြားငွေလဲနှုန်းကျဆင်းမှုကြောင့် ၅ ရက်အတွင်း ပြည်တွင်းပဲဈေး သိသာစွာကျဆင်း



အမေရိကန်ဒေါ်လာနှင့် တရုတ်ငွေဈေး (နိုင်ငံခြား ငွေလဲလှယ်နှုန်း) များ ကျဆင်းလာခြင်းက ပြည်တွင်းပဲဈေးကွက်အပေါ် သက်ရောက်ခဲ့သဖြင့် လက်ရှိ ၅ ရက်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် အဓိကအားဖြင့် တရုတ်သို့ တင်ပို့သည့်ပဲဈေးများ သိသာစွာကျဆင်းလာကြောင်း ပဲကုန်သည်များထံမှသိရသည်။ မတ်လဆန်းမှစ၍ နိုင်ငံခြားတင်ပို့မှုနှင့် ဆက်နွယ်နေသည့် ပြည်တွင်းပဲများမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၂၀၀၀ မှ အများဆုံး ကျပ်တစ်သောင်းဝန်းကျင်ထိ ဈေးကျဆင်းလာပြီး တရုတ်ငွေဈေးကျဆင်းမှုက ပိုမိုထိခိုက်စေသည်ဟု မန္တလေးကုန်စည်ဒိုင်မှ ပဲကုန်သည် ကိုမိုးကပြောသည်။ “ပဲဈေးကျတာက ရက်စက်တယ်။ အဓိကတရုတ်ငွေဈေးပါ။ တောင်သူထက် ပွဲစားတွေအထိနာတယ်။ ဖြတ်ပေးတဲ့ဈေးနဲ့မရောင်းရရင် ရှုံးပြီ။ အရှုံးခံပြီး မရောင်းရင် ငွေမလည်တော့ ပေးတဲ့ဈေးနဲ့ရောင်းရတဲ့အခါ ဈေးလည်းကျတာပေ့ါ။ တရုတ်လိုင်းထွက်တဲ့ပဲက အဓိကဈေးကျတယ်။ငွေဈေးကျဆင်းတာနဲ့ ဝယ်လက်မရှိတာကြောင့် ပဲဈေးကွက်ထိခိုက်တယ်”ဟု ၎င်းကပြောသည်။

တရုတ်ငွေလဲနှုန်းတွင် ယခင်က ယွမ် ၁၀၀ လျှင် ငွေကျပ်၂၀၅၀၀ ဝန်းကျင်ရရှိပြီး လက်ရှိငွေဈေးအရယွမ် ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀ ဝန်းကျင်သာရရှိကာ ကျပ်သိန်းတစ်ထောင်အပေါ် ကျပ်သိန်း ၃၀ ဝန်းကျင်လျော့နည်းသွားသကဲ့သို့ ဒေါ်လာဈေးကျဆင်းရာမှ မြန်မာငွေလဲလှယ်ရရှိမှု လျော့နည်းသွားခြင်းဖြင့် ဈေးပေးဝယ်ယူနိုင်ခြင်းမရှိတော့ကြောင်းသိရသည်။ “တရုတ်ငွေဈေးက ဒေါ်လာနဲ့ ချိတ်ဆက်နေတော့ အဲဒီငွေဈေးတွေ ကျတဲ့ပေါ်မှာဖြစ်တာ။သီးနှံအပေါ် တရုတ်က ပေးရတဲ့ငွေက အရင်တိုင်းပေးရပေမယ့် မြန်မာငွေလဲလိုက်တဲ့အခါ အရင်လောက်မရတော့ဘူး။ အရင်ငွေဈေးနဲ့က ၁၄ ကျပ်ရရင် ခု ၁၂ ကျပ်ပဲရတဲ့သဘောပါ။ပဲဈေးကျပေမယ့်ပြောင်းကတော့ လက်ရှိဝယ်နေလို့ ဈေးမကျဘူး။ ဆန်ဈေးလည်းမကျဘူး”ဟု မန္တလေးကုန်စည်ဒိုင်ဥက္ကဌ ဦးချွန်ကပြောသည်။ မတ်ပဲမှာ ကျပ် ၉၀၀၀၀ မှ ၈၀၀၀၀ ပေါက်ဈေးရှိသဖြင့် ကျပ် ၁၀၀၀၀ ကျဆင်းခဲ့ပြီး ပဲတီစိမ်း(ရွှေဝါ)မှာ ၁၁၉၀၀၀ မှ ၁၁၃၀၀၀ ကျပ်ဝန်းကျင်ဖြစ်၍ ၆၀၀၀ ကျပ်ဝန်းကျင်ကျဆင်းခဲ့သည်။ ပဲတီစိမ်းကြီးမှာ ပုံမှန်ရှိပြီး

စားတော်ပဲမှာ ၆၅၀၀၀ မှ ၅၇၀၀၀ ကျပ်ဝန်းကျင်ရှိ၍ ၈၀၀၀ ကျပ်ကျဆင်းလာပြီး ပဲရင်းမှာ ပြီးခဲ့သည့် ၅ ရက်ကထက် ကျပ် ၇၀၀၀ ဝန်းကျင်ကျဆင်းခဲ့ရာ ပြည်တွင်းပဲဈေးကွက်တွင် အများဆုံး ကျပ်၁၀၀၀၀ ထိ ဈေးကွက်ကျဆင်းခဲ့သည်။

မြန်မာငွေနှင့် နိုင်ငံခြားငွေလဲနှုန်းများအရ မတ်လ၅ ရက်နေ့က အမေရိကန်ဒေါ်လာဈေးမှာ ၁၃၉၃ ဒသမ ၈ ၊ ယူရိုငွေဈေး ၁၅၅၂ ဒသမ၂ နှင့် တရုတ်ငွေဈေး ၂၀၀ ဒသမ ၇၅ ရှိခဲ့သည်။ နိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒေါ်လာဈေးကျဆင်းနေမှုကြောင့် မတ်လ ၅ ရက်နေ့က အမေရိကန်ဒေါ်လာ သိန်း ၃၀ ဖိုးကို ငွေလဲနှုန်း ၁၃၉၈ ဒသမ ၆ ကျပ်ဖြင့်ဝယ်ယူခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/136402.html

## မုံရွာစောင်ထုတ်လုပ်မှုဈေးကွက် ပြန်လည်တောင်းဆိုမှုများလာ




မုံရွာစောင်အမျိုးမျိုးထုတ်လုပ်မှုကို ဈေးကွက်ပြန်လည်တောင်းဆိုမှုများလာကြောင်း မုံရွာစက်မှုဇုန် ချည်ထည်စုဥက္ကဋ္ဌ ဦးခင်မောင်ညိုထံမှသိရသည်။ "၂၀၀၈ ခုနှစ်ကစပြီး မုံရွာစောင်အမျိုးမျိုးထုတ်လုပ်မှုက ကျဆင်းခဲ့ပြီး ဝွမ်းကပ်စောင်၊ ပိုလာဖီးစောင်၊ ခေါင်းအုံး၊ မွေ့ရာတွေလုပ်လာကြတယ်။ အိန္ဒိယနယ်စပ်တမူးကတစ်ဆင့် မီဇိုရမ်နဲ့အာသံနယ်ကို တင်ပို့ခဲ့ကြတယ်။ ၂၀၁၉ ခုနှစ်မှာတော့ ဝွမ်းကပ်စောင်အမျိုးမျိုးနဲ့အတူ မုံရွာစောင်ကို ဈေးကွက်က ပြန်တောင်းဆိုနေပြီဖြစ်ပါတယ်။ ၂၀၁၉ ခုမှာ ရောင်းရတဲ့ ကုန် ချောဈေးကွက်တွေက ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ အိန္ဒိယနယ်စပ်ဒေသတွေ၊ ထိုင်း-လာအို-မြန်မာနယ်စပ်တွေနဲ့ ပြည်ကတစ်ဆင့် ရခိုင်နယ်စပ်ဒေသတွေကို အများဆုံးတင်ပို့ရတာပါ"ဟု ဦးခင်မောင်ညိုက ပြောသည်။

အစိုးရစက်ရုံများမှ ဝါအလေအလွင့်ရရှိမှု နည်းပါးသွားပြီး အထည်ချုပ်စက်ရုံများမှ ဘေးထွက်ပစ္စည်း ဖြတ်စညှပ်စများကို ဈေးချိုချိုဖြင့်ရရှိနေကြောင်းသိရသည်။ "ရန်ကုန်မှာက ဖြတ်စညှပ်စတစ်ပိဿာကို ကျပ် ၆၀ နဲ့ ရောင်းပေးတာ မုံရွာအရောက်ကားခက ကျပ် ၇၀ ဆိုတော့ တစ်ပိဿာ ကျပ် ၁၃၀ ကျတာပေါ့"ဟု ဦးခင်မောင်ညိုကပြောသည်။ မြန်မာနိုင်ငံ၏ စောင်အသုံးပြုမှု၏ ၈၀ ရာခိုင်နှုန်းခန့်ကို မုံရွာစောင်ထုတ်လုပ်မှုဈေးကွက်မှ ရောင်းချပေးခြင်း ဖြစ်ကြောင်း သိရသည်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း တရုတ်နိုင်ငံမှ စောင်အမျိုးမျိုးဖြင့် ယှဉ်ပြိုင်ခဲ့ရကြောင်းသိရသည်။ လျှပ်စစ်မီးရရှိမှုနည်းခြင်း၊ ကုန်ကြမ်းရှားလာခြင်း၊ နည်းပညာနိမ့်၍ အရင်းအနှီးမပြည့်စုံမှုတို့ကြောင့် ဈေးကွက်လုခံခဲ့ရကာ ၂၀၀၈ ခုနှစ်မှစတင်၍ မုံရွာစောင်ထုတ်လုပ်မှုမှာကျဆင်းခဲ့ခြင်းဖြစ်သည်။

စောင်ထုတ်လုပ်ရန် ၁၉၆၅ ခုနှစ်က ဂျပန်နိုင်ငံ၏ နည်းပညာကိုယူ၍ စတင်ခဲ့ရာ မုံရွာစက်မှုဇုန်ချည်ထည်စုသည် ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း အထူးအောင်မြင်ခဲ့ကြောင်းသိရသည်။ ထိုစဉ်က ရက် ကန်းစင်ပေါင်း တစ်သိန်းကျော်ရှိကာ ချည်မျှင်စက်ရုံ ၁၅၀ ကျော်ဖြင့် ကြီးမားသော စက်မှုလုပ်ငန်းကြီးအဖြစ် ရပ်တည်ခဲ့သည်။ ယခုအခါ မုံရွာစက်မှုဇုန်ချည်ထည် အစုအဖွဲ့တွင် စက်ရုံ ၅၅ ရုံရှိပြီး တစ်လလျှင် အထည်ဖြတ်စညှပ်စကုန်ကြမ်း ၁၄၂၈ တန်သုံးစွဲလျက်ရှိပြီး တစ်ပြန်ဝွမ်း၊ နှစ်ပြန်ဝွမ်းနှင့် ဆေးရောင်စုံချည်စသည့် ကုန်ချော ၁၁၆၄ တန်ခန့်ထွက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/136489.html

## ကမ္ဘာ့ဒေါ်လာဈေး အညွှန်းကိန်း ၉၅ ပွိုင့်ဝန်းကျင်ရှိပြီး နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၁၃၃၀ ဝန်းကျင်အထိ ထိုးဆင်း

၂၀၂၀ ပြည့်နှစ် မတ် ၉ ရက်တွင် ကမ္ဘာ့ဒေါ်လာဈေးအညွှန်းကိန်း ၉၅ ပွိုင့်ဝန်းကျင်ဖြစ်ပေါ်ပြီး နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၁၃၃၀ ဝန်းကျင်အထိ ထိုးဆင်းခဲ့ကြောင်း နိုင်ငံခြားငွေကြေးရောင်းဝယ်သူများထံမှသိရသည်။ ပြည်တွင်း

ဈေးကွက်တွင် နိုင်ငံခြားငွေလဲနှုန်း ၂၀၁၈ ခုနှစ် ဇွန်လမှစတင်ကာ သိသိသာသာမြင့်တက်ခဲ့ရာ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် တစ်ဒေါ်လာ ၁၄၃၈ ကျပ်စံချိန်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျပ် ၁၄၄၀ ဖြင့်ချိုးခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် ကျပ် ၁၅၇၀ ဖြင့် စံချိန်တင်ထားကာ စက်တင်ဘာ ၁၈ ရက်တွင် ၁၅၈၅ ကျပ်၊ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ ဖြင့် အမြင့်ဆုံး စံချိန်ထပ်တင်ခဲ့သည်။ ဒေါ်လာဈေးသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျပ် ၁၄၈၀ အထိကျဆင်းခဲ့သော်လည်း တစ်လအတွင်း ဆက်တိုက် မြင့်တက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ အထိ အမြင့်ဆုံးစံချိန်တင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၁၅၁၅ ကျပ်အထိ ပြန်ကျခဲ့သော်လည်း အောက်တိုဘာ ၁၀ ရက်တွင် ကျပ် ၁၅၉၀၊ အောက်တိုဘာ ၁၁ ရက်တွင် ကျပ် ၁၆၀၀ အထိပြန်လည်မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၅၁၀ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ၁၅၇၇ ကျပ်အထိ ပြန်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၁၅၄၀၊ ဇန်နဝါရီ ၁၅ ရက်တွင် ၁၅၁၅ ကျပ်အထိ၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၁၅၀၃ ကျပ်အထိ ကျဆင်းခဲ့သည်။ မတ် ၁၈ ရက်တွင် ၁၅၂၇ ကျပ်အထိ မေ ၁၄ ရက်တွင် ၁၅၃၈ ကျပ်အထိ ပြန်တက်ခဲ့ပြီး ဇွန် ၁ ရက်တွင် ၁၅၂၉ ကျပ် ဝန်းကျင်ရှိခဲ့သည်။ ဩဂုတ် ၂၆ ရက်တွင် ၁၅၁၄ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ၁၅၆၅ ကျပ်အထိ မြင့်တက်ခဲ့ကာ ဒီဇင်ဘာ ၂၅ ရက်မှစတင်ကာ တစ်ဒေါ်လာ ကျပ် ၁၅၀၀ အောက်၊ ၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်မှစ၍ ကျပ် ၁၄၀၀ အောက် ကျဆင်းခဲ့သည်။

ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၀ ပြည့်နှစ် မတ် ၉ ရက်တွင်ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၁၅၂၅ ကျပ်၊ စင်ကာပူဒေါ် လာ ၉၉၀ ကျပ်၊ မလေးရှားရင်းဂစ် ၃၂၂ ကျပ်၊ ထိုင်းဘတ် ၄၂ ဒသမ ၂၅ ကျပ်၊ တရုတ်ယွမ် ၁၉၄ ကျပ်ဖြစ်သည်။

**Source:** https://news-eleven.com/article/163351

## အီးယူ-အမေရိကန် ကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်နိုင်မည့် အရှိန်အဟုန်ရှိနေကြောင်း ဥရောပကော်မရှင်ဥက္ကဌပြောကြားခဲ့

အမေရိကန်နိုင်ငံနှင့် အီးယူ၏ကုန်သွယ်မှုဆက်ဆံရေးတိုးတက်လာနိုင်မည့် အရှိန်အဟုန် ရှိနေသည်ဟု ဥရောပကော်မရှင်ဥက္ကဌဖြစ်သူ Ursula von der Leyen က ၅-၃-၂၀၂၀ နေ့က Business Europe Summit တွင် ပြောကြားခဲ့ကြောင်းသိရပါသည်။ သို့ရာတွင် ၎င်းအနေဖြင့် အခွန်နှုန်းထားများ ထပ်မံကောက်ခံမှုကို ရှောင်လွှဲနိုင်ရန်အတွက် အမေရိကန်နိုင်ငံသမ္မတဒေါ်နယ် ထရမ့်ထံသို့ ကုန်သွယ်ရေးဆိုင်ရာ ကမ်းလှမ်းချက်ကို မည်သည့်အချိန်တွင် ပြုလုပ်သွားမည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း၊ ဥရောပကော်မရှင်ဥက္ကဌက ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဆွစ်ဇာလန်နိုင်ငံ၊ ဒါဗို့စ်မြို့၌ ပြုလုပ်ခဲ့သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရမ့်နှင့် သူမတို့အကြားတွေ့ဆုံခဲ့မှုကို ပြန်လည ်ရည်ညွှန်းပြောကြားခဲ့ကြောင်း၊ အီးယူဘက်မှ ကုန်သွယ်မှုဆိုင်ရာကမ်းလှမ်းမှုသည် ကုန်သွယ်မှု၊ စွမ်းအင်နှင့်နည်းပညာကဏ္ဍများတွင် အီးယူ-အမေရိကန်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေမည်ဖြစ်သော်လည်း သူမအနေဖြင့် အမေရိကန်နိုင်ငံသို့ သွားရောက်ဆွေးနွေးမည့် အချိန်ကာလနှင့် ဆွေးနွေးမှုတွင်ပါဝင်မည့် အသေးစိတ်အချက်များကို သေချာစွာမသိရသေးကြောင်း၊ မည်သည့်ကုန်သွယ်မှုသဘောတူညီချက်ဖြစ်စေညီမျှ၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိရေးနှင့် အီးယူ၏လုပ်ပိုင်ခွင့်များနှင့် အညီ ဖြစ်စေရန်ကိုလည်း ၎င်းကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အီးယူနှင့်အမေရိကန်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆွေးနွေးမှုတွင် စက်မှုကုန်စည်များ အတွက် အခွန်များဖယ်ရှားရေး၊ အချို့ကုန်စည်များအတွက် မဖြစ်မနေကျော်ဖြတ်ရသည့် ကိုက်ညီမှုအကဲဖြတ်ခြင်းလုပ်ငန်းစဉ်များအပါအဝင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျော့ပါးစေရေးတို့ကို အဆိုပြုသွားဖွယ်ရှိကြောင်း၊ အီးယူ-အမေရိကန်ကုန်သွယ်မှုဆွေးနွေးပွဲများတွင် လယ်ယာ စိုက်ပျိုးရေးကဏ္ဍပါဝင်ရေးသည် အငြင်းပွားမှုအများဆုံးကိစ္စများအနက် တစ်ခုအဖြစ် ဆက်လက်ရှိ နေမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံဘက်မှ အီးယူနှင့်စိုက်ပျိုးရေးထွက်ကုန်အပြန်အလှန်ကုန်သွယ်မှုတွင် ယူရို (၁၂) ဘီလီယံခန့် အထိ လိုငွေပြနေမှုကိုလျှော့ချလိုနေပြီး၊ အီးယူဘက်အနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်းက ၎င်းတို့၏ ကုန်သွယ်မှုဆွေးနွေး ညှိနှိုင်းခြင်း အခွင့်အာဏာတွင် စိုက်ပျိုးရေးကဏ္ဍကို ချန်လှပ်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်အချို့ တင်ပို့မှုလွယ်ကူချောမွေ့စေရေးအတွက် အပင်နှင့်တိရိစ္ဆာန်ကျန်းမာရေး (SPS) ဆိုင်ရာ လုပ်ထုံးလုပ်နည်း အတားအဆီးများကို ဖယ်ရှားပေးရေး

သည် အဓိကကိစ္စရပ်များအနက်တစ်ခုဖြစ်လာနိုင်ကြောင်း၊ သို့ရာတွင် ဥရောပကော်မရှင်နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများက အငြင်းပွားဖွယ်ကုန်စည်များကို ထည့်သွင်းသုံးသပ် လိမ့်မည်မဟုတ်ကြောင်းကို အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာဖြစ်သူ Phil Hogan ကဖေဖော် ဝါရီလအတွင်းက သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သိရပါသည်။

ကုန်သွယ်ရေးကော်မရှင်နာ Phil Hogan သည် ၁၇-၃-၂၀၂၀ နေ့တွင် အမေရိကန်နိုင်ငံ၊ Georgetown တက္ကသိုလ်၌ အီးယူ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ မိန့်ခွန်းတစ်ရပ် ပြောကြားရန်အတွက် ၎င်း၏ တတိယအကြိမ် မြောက် အမေရိကန်နိုင်ငံသို့ ခရီးစဉ်သွားရောက်မည်ဖြစ်ပြီး၊ ကနေဒါနိုင်ငံသို့ ဆက်လက် သွားရောက် ၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် (၁၃) နိုင်ငံနှင့် ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း၊ Airbus လေယာဉ်ဆိုင်ရာအမှုကိစ္စရပ်နှင့်ပတ်သက်၍ ဥရောပ၏လေယာဉ်ဆိုင်ရာထုတ်ကုန်များ (Aircraft Products) အပေါ် အခွန်နှုန်း ထားအား ၁၀ % မှ ၁၅ % သို့တိုးမြှင့်မည့် ၁၈-၃-၂၀၂၀ နေ့တွင် အမေရိကန်နိုင်ငံနှင့် အီးယူအကြား သဘောတူညီ ချက်ရရှိရန် အခွင့်အလမ်းရှိနေသည်ဟု ကုန်သွယ်ရေးကော်မရှင်နာ Phil Hogan က ပြောကြားခဲ့ကြောင်းလည်းသိရပါသည်။ အီးယူဘက်မှ အကောင်းမြင်မှုရှိနေသော်လည်း ကုန်သွယ်ရေးကော်မရှင်နာ Phil Hogan ၏ အမေရိကန်နိုင်ငံ ခရီးစဉ်အတွင်း mini-trade package ကို အပြီးသတ်ဆောင်ရွက်နိုင်ဖွယ်မရှိကြောင်း အီးယူရှိသတင်းရင်းမြစ်များက ဖော်ပြကြကြောင်း euractiv ၏ ၅-၃-၂၀၂၀ နေ့တွင် သတင်းဖော်ပြထားမှုအရသိရှိရပါသည်။

**Source: https://www.euractiv.com**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် အမေရိကန်စတော့ရှယ်ယာဈေးကွက် အရှုံးနှင့် ရင်ဆိုင်ရပြီးနောက် ဟောင်ကောင်ဒေသနှင့် တရုတ်နိုင်ငံတို့၏ စတော့ရှယ်ယာများ အတက်အကျများရှိနေခြင်း

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် အမေရိကန်စတော့ရှယ်ယာဈေးကွက်မှာ အရှုံးနှင့်ရင်ဆိုင်ရပြီးနောက် ဟောင်ကောင်ဒေသနှင့် တရုတ်နိုင်ငံတို့၏ စတော့ရှယ်ယာများမှာ မတ်လပထမအပတ်အတွင်း အတက်အကျများ ဖြစ်နေကြောင်း၊ ဟောင်ကောင်စတော့ရှယ်ယာဈေးကွက်၌ ၆-၃-၂၀၂၀ ရက်နေ့နံနက်ခင်းတွင် ဟောင်ကောင်ဒေသ၏ စတော့ရှယ်ယာမှာ (၂) ရာခိုင်နှုန်း ကျဆင်းနေကြောင်း၊ ရှယ်ယာဝယ်ယူမည့်သူများအနေဖြင့် စောင့်ကြည့်သင့် ကြောင်း၊ Hang Seng Index မှ (၂.၂) ရာခိုင်နှုန်း၊ ကာစီနိုလုပ်ငန်းများဖြစ်သည့် Galaxy Entertainment မှ (၃.၄) ရာခိုင်နှုန်း၊ Sands China မှ (၃.၆)ရာခိုင်နှုန်း ၊ Wynn Macau(၃) ရာခိုင်နှုန်း၊ MGM China မှ (၃.၂) ရာခိုင်နှုန်း၊ Melco International Development မှ (၁.၄) ရာခိုင်နှုန်း၊ SJM Holdings မှ (၂.၇) ရာခိုင်နှုန်း၊ Internet Giant Tencent မှ (၂.၂) ရာခိုင်နှုန်း၊ Alibaba မှ (၁.၅) ရာခိုင်နှုန်း၊ ဝက်သားထုတ်လုပ်သည့်ကုမ္ပဏီ WH Group မှ (၂) ရာခိုင်နှုန်း အစရှိသည်ဖြင့် အသီးသီးကျဆင်းလျှက်ရှိကြောင်း၊ တရုတ်စတော့ရှယ်ယာ ဈေးကွက်၌ Shanghai Composite Index မှ (၀.၈) ရာခိုင်နှုန်း၊ ရှန်ဟိုင်းနှင့် ရှန်းကျန့်ရှိ CSI 300 gauge of large-caps မှ (၁.၃) ရာခိုင်နှုန်း၊ နည်းပညာကုမ္ပဏီ ChiNext မှ (၀.၅) ရာခိုင်နှုန်း၊ Apple Airpod ထုတ်လုပ်သူ Luxshare Precision Industry မှ (၀.၆) ရာခိုင်နှုန်း၊ အရက်ကုမ္ပဏီ Kweichow Moutai မှ (၁.၀) ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက် ပျံ့နှံ့မှုကြောင့် ဟောင်ကောင်ဒေသ၌ Disney land နှင့် Ocean Park တို့အား ပိတ်ထားကြောင်း၊ အာရှ-ပစိဖိတ် ဈေးကွက်တွင် Tookyo's Nikkei (၃.၂) ရာခိုင်နှုန်း၊ ကိုရီးယား စတော့ရှယ်ယာ (Seoul Kosspi) မှ (၂.၃) ရာခိုင်နှုန်း၊ Tech-heavy Kosdaq (၁.၅) ရာခိုင်နှုန်း၊ Australia's S&P မှ (၂.၂) ရာခိုင်နှုန်းနှင့် New Zealand's S&P မှ (၁.၇) ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း ၆-၃-၂၀၂၀ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ "Hong Kong , China fall after US market rout over coronavirus fears and Up? No, now is down. Hang Seng benchmark puts Hong Kong traders on wild roller-coaster ride on fast-moving news" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားများအပေါ် သက်ရောက်မှုများရှိခြင်းသည် ကမ္ဘာ့စီးပွားရေးကို ဆိုးရွားစွာထိခိုက်နေခြင်း

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် အလုပ်သမားများမှာ အိမ်ထဲတွင်နေထိုင်နေရပြီး တရုတ်နိုင်ငံရှိ စက်ရုံများ ပိတ်ထားဆဲဖြစ်သဖြင့် ကုန်ပစ္စည်းများထုတ်လုပ်မှုအပေါ် သက်ရောက်လျှက်ရှိသောကြောင့် ရောင်းလိုအားများ ကျဆင်းနေကြောင်း၊ ကမ္ဘာ့အနှံ့တွင် ကူးစက်ပျံ့နှံ့လျှက်ရှိသောကြောင့် စားသုံးသူများမှာလည်း အပြင်သို့ထွက်၍ ဈေးဝယ်ခြင်းများ၊ ခရီးသွားခြင်းများနှင့် စားသောက်ဆိုင်များ၌ စားသုံးရန် စိတ်မပါကြသောကြောင့် ဝယ်လိုအားမှာလည်းကျဆင်းနေကြောင်း၊ ထုတ်လုပ်မှုများ ရပ်ဆိုင်းထားသောကြောင့် ရောင်းလိုအားကျဆင်းခြင်းမှာ ယာယီသာဖြစ်နိုင်ပြီး၊ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ရပ်တန့်သွားလျှင် ပြန်လည်ထုတ်လုပ်နိုင်ပြီး ရောင်းလိုအား မြင့်တက်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းမှာ V-Shaped trajectory ပုံစံ ဖြစ်ပြီး ပထမလေးလပတ်တွင် ထုတ်လုပ်မှုအနည်းငယ်ကျဆင်းပြီး ကျန်သည့်လများတွင် ပြန်လည်တိုးတက်လာမည်ဖြစ်ကြောင်း၊ အလုပ်သမားများ နေအိမ်မှအလုပ်လုပ်ခြင်းနှင့် ကျောင်းများလည်းပိတ်ထားသောကြောင့် အပြင်ထွက်သူနည်းပါးပြီး ဝယ်လိုအားများကျဆင်းနေကြောင်း၊ အဆိုပါဝယ်လိုအားနှင့်ရောင်းလိုအားကျဆင်းမှုအား ပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့သော ပညာရှင်များကပြောကြားရာတွင် ဝယ်လိုအားမှာ ထုတ်လုပ်မှုနှင့် ရောင်းလိုအားအပေါ်တွင်မှီခိုလျှက်ရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် COVID-19 ကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအား နှစ်မျိုးစလုံး အပေါ်သက်ရောက်မှုရှိပြီး စီးပွားရေးထိခိုက်မှုများဖြစ်နိုင်ကြောင်း ၅-၃-၂၀၂၀ ရက်နေ့တွင် ထုတ်ဝေသော South China Morning Post သတင်းစာ၌ " Coronavirus outbreak delivers a one-two punch to the world's economy, handing out supply and demand shocks after another"ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## STOCK EXCHANGE (10.3.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 10th Mar. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 11,500 | 12,000 | 11,500 | 7,012 | 83,043,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,900 | -50 | -1.27% | 3,950 | 3,950 | 3,900 | 8,551 | 33,551,500 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | -200 | -2.38% | 8,200 | 8,200 | 8,200 | 204 | 1,672,800 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 0 | 0 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,900 | 2,900 | 2,800 | 1,123 | 3,195,700 | 12,823,224 | 35,905 |

## Market summary

As of 10th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 476.70 | -3.41 | -0.71% | 470.68 | 476.70 | 468.32 | 16,890 | 121,463,000 | 5 | 652,755 |

### Index chart




# Market Overview

As of 1:00 pm, 10th Mar. 2020

| MYANPIX | 476.70 ▼3.41 |
|---|---|
| Total Volume (shares) | 16,890 |
| Total Value (MMK) | 121 mil |
| Listed Company | 5 |
| Market Cap. (MMK) | 652,755 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲0 |
| MTSH | 00002 | 3,900 | ▼50 |
| MCB | 00003 | 8,200 | ▼200 |
| FPB | 00004 | 22,000 | ▲0 |
| TMH | 00005 | 2,800 | ▼50 |